၄-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | | ဆီ (တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၉၇၆၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၄၁၀၀ | ၃၉၅၀ | ၃၉၅၀ | - | ၅၃၈၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၃၂၉၀ | ၃၁၂၀ | ၂၇၆၀ | ၃၃၉၅ | ၅၃၇၇၀၀၀ | |
| ၅ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၃၃၀၀ | ၃၁၃၅ | ၂၇၇၅ | ၃၄၁၀ | | |
| ၆ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၃၂၅၀ | ၃၀၈၅ | ၂၇၂၅ | ၃၃၆၀ | ၅၀၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၃၂၇၀ | ၃၁၀၀ | ၂၇၄၀ | ၃၃၇၅ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၃၂၇၅ | ၃၁၁၀ | ၂၇၅၀ | ၃၃၈၅ | ၆၁၀၀၀၀၀ | |
| ၉ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၈၀၀၀ | ၈၃၀၅ | ၃၃၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၃၀၀ | ၆၁၀၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၃၁၈၀ | ၃၀၁၅ | ၂၆၅၅ | ၃၂၉၀ | ၅၃၇၆၄၈၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၃၂၄၅ | ၃၀၇၅ | ၂၇၂၀ | ၃၃၅၀ | ၅၉၆၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၃၇၀၅ | ၃၅၄၀ | ၃၁၈၀ | ၃၈၁၅ | ၅၉၅၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၃၂၉၀ | ၃၁၂၅ | ၂၇၆၅ | ၃၄၀၀ | ၅၄၀၁၀၀၀ | |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၄၀ | ၃၂၆၅ | ၃၀၉၅ | ၂၇၃၅ | ၃၃၇၀ | ၅၃၇၆၀၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၃၂၆၅ | ၃၁၀၀ | ၂၇၄၀ | ၃၃၇၅ | ၆၁၅၀၀၀၀ | |
| ၁၇ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၁၀ | ၃၂၆၅ | ၃၁၀၀ | ၂၇၄၀ | ၃၃၇၅ | ၅၃၇၆၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၃၁၉၀ | ၂၉၉၅ | ၂၆၆၀ | ၃၃၀၀ | ၅၃၅၁၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၃၁၉၀ | ၃၀၂၅ | ၂၆၆၅ | ၃၃၀၀ | ၅၂၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၂၅ | ၃၂၄၀ | ၃၀၇၀ | ၂၇၁၀ | ၃၃၄၅ | ၅၃၇၆၄၈၀ | |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၂၅ | ၃၂၄၀ | ၃၀၇၀ | ၂၇၁၀ | ၃၃၄၅ | ၅၃၇၆၄၈၀ | |
| ၂၂ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၃၈၉၀ | ၃၇၂၅ | ၃၃၆၅ | ၄၀၀၀ | ၆၂၅၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ




# (၂၉) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်







(၂၉) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက် နေ့အထိ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် GIZ နှင့် ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်နေသည့် စားသုံးသူကာကွယ်ရေးကိစ္စရပ်များအား အဖွဲ့ဝင်ကိုယ်စားလှယ်များမှ ဆွေးနွေးတင်ပြခြင်း၊ အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ပါနှစ်အလိုက်ဦးစားပေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ရှင်းလင်းတင်ပြခြင်း၊ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၅) အား ကာလကုန်ပြန်လည်သုံးသပ်ခြင်းနှင့် အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၃၀) ရေးဆွဲ ထုတ်ပြန်နိုင်ရေး သုံးသပ်ဆွေးနွေးခြင်းတို့အား ကျွမ်းကျင်ပညာရှင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

**ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၃

၂။ (၂၉) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄

၃။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

၄။ ငွေလွှဲဝန်ဆောင်မှုအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ အွန်လိုင်းမှတစ်ဆင့် ယိုးဒယားကွေ့တီယိုထုပ်များ မှာယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၆

၆။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း

၇။ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၈။ ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၂

၉။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၀။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ**

၁၁။ ဓာတ်ခွဲခန်းအလိုက် အောက်တိုဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၁၉

၁၂။ သဘော်ယို၏ အသုံးဝင်ပုံ

၁၃။ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဒေါ်လာဈေးနှုန်းများ




*စာမျက်နှာ ၁၈ မှအဆက်*

အရည်အသွေး၊ ပိုးသတ်ဆေးကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု စသည့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၃၈ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၀ ခု၊ ဆီနှင့် ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၁၆၁ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၃၂ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၁ ခု၊ စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၂၄၂ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

## ကုန်သွယ်မှုကဏ္ဍ

### သဘော်ယို၏ အသုံးဝင်ပုံ

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်အတွင်းရှိ ကြို့ပင်သာအုပ်စု ဝက်ပုတ်ကျေးရွာသည် ရန်ကုန်-ပြည် ကားလမ်းပေါ်တွင် တည်ရှိပြီး ပြည်မြို့နယ်နှင့် (၃၂) မိုင်သာ ကွာဝေးသော စီးပွားရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် အသေးစား၊ အလတ်စား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ဘက်စုံဖွံ့ဖြိုးသော ရွာ ကလေးတစ်ရွာဖြစ်ပါသည်။ အဆိုပါရွာမှ ကျောက်ဖရုံယို အပြင် သဘော်ယိုကိုလည်း ဒေသထွက်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ သဘော်ယိုကို ရေခဲသုပ်၊ ရေခဲမုန့်၊ ဖာလူဒါတို့တွင် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုကြပါသည်။ သဘော်ယိုပြုလုပ်ရာတွင် ရှေးဦးစွာ သဘော်သီးအစိမ်းကို အခွံခွာအတုံးကလေးများ လှီးဖြတ်ပြီး ထုံးကြက်တတ်ရေတွင် တစ်ရက်စိမ်၍ ပြန်လည်သန့်စင်ရန် ရေဖြင့် (၅) ကြိမ်ခန့် ဆေးကြောရကြောင်း၊ ထို့နောက် ရေဖြင့် တစ်ခါပြုတ်ပြီး ပြန်လည် အအေးခံရကြောင်း၊ ထိုသို့အအေးခံပြီး နောက်ဆုံးသန့်စင်ရန်အတွက် ရေဖြင့် တစ်ခါဆေးကြောကာ ရေစစ်ထားရကြောင်း၊ ရေစစ် ပြီးချိန်တွင် သကြားဖြင့်နယ်၍ ယိုထိုးရကြောင်း လေ့လာ သိရှိရပါသည်။ သဘော်သီးပိဿချိန် (၃၀)လျှင် သကြား တစ်အိတ် အသုံးပြုပြီး အနီရောင်ပြုလုပ်လိုလျှင် အနီရောင် ခွင့်ပြုဆိုးဆေး၊ အစိမ်းရောင်ပြုလုပ်လိုလျှင် အစိမ်းရောင် ခွင့်ပြုဆိုးဆေးတို့ကို သုံးစွဲကြကြောင်း သိရှိရပါသည်။ သဘော်ယိုအများအပြား ထုတ်လုပ်မည်ဆိုပါက သဘော်သီး အခွံခွာ အတုံးလှီးဖြတ်ရန် ကြာချိန်တစ်ရက်၊ ထုံးရေစိမ်၍ ရေဆေးပြီး ပြုတ်ရန် ကြာချိန်တစ်ရက်နှင့် ယိုထိုးခြင်း လုပ်ငန်းဆောင်ရွက်ရန် ကြာချိန်တစ်ရက် စုစုပေါင်း သုံးရက် အချိန်ယူရကြောင်း သိရှိရပါသည်။ ယခုအခါ သဘော်ယို အစိမ်းရောင်နှင့် အနီရောင်အတုံးကလေးများကို ရေခဲထုပ်၊ ရေခဲမုန့်၊ ဖာလူဒါ အစားအသောက်များအပြင် ပေါင်မုန့်နှင့် အခြားယိုသွပ်မုန့်များတွင်လည်း များစွာထည့်သွင်း အသုံးပြု လာကြပြီဖြစ်ပါကြောင်း သဘော်ယို အသုံးဝင်ပုံကို ဗဟုသုတဖြစ်စေရန်အတွက် ရေးသားတင်ပြလိုက်ရပါသည်။

**Source:**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

စာမျက်နှာ ၁၇ မှအဆက်

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီအစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ်ကောလိပ်သိပ္ပံ | ရပ်ကွက်ကျေးရွာ | တပ်ရင်း + ဌာန + အသင်း | Online/ Media (Talk Show) | စက်ရုံအလုပ်ရုံ | ဈေး | အခြား | စုစုပေါင်း | | | | |
| ၁ | ကချင် | ၂ | - | ၂ | ၁ | - | ၁ | - | - | ၆ | - | ၇ | - | - |
| ၂ | ကယား | - | - | - | - | - | - | - | - | - | - | ၂ | - | - |
| ၃ | ကရင် | ၃ | - | - | - | - | - | - | - | ၃ | - | ၂ | - | - |
| ၄ | ချင်း | - | - | - | - | - | - | - | - | - | - | ၁ | - | - |
| ၅ | စစ်ကိုင်း | ၇ | - | - | ၃ | ၁ | ၁ | - | - | ၁၂ | - | ၂၇ | ၁ | - |
| ၆ | တနင်္သာရီ | ၂ | - | - | ၁ | - | - | - | - | ၃ | - | ၆ | - | - |
| ၇ | ပဲခူး | ၂၅ | - | ၁၄ | ၄ | ၇ | - | ၁ | - | ၅၁ | - | ၇၃ | - | ၁ |
| ၈ | မကွေး | ၁၇ | - | ၄ | ၅ | ၂ | - | ၃ | ၁ | ၃၂ | - | ၆၀ | ၁ | ၁ |
| ၉ | မန္တလေး | ၃ | - | ၃ | ၆ | ၅ | ၁ | ၃ | ၁ | ၂၂ | ၁ | ၄၁ | - | - |
| ၁၀ | မွန် | ၇ | - | ၂ | ၃ | ၃ | - | - | - | ၁၅ | - | ၇ | - | ၁ |
| ၁၁ | ရခိုင် | ၁ | - | - | - | - | - | - | - | ၁ | - | - | - | - |
| ၁၂ | ရန်ကုန် | ၅ | - | ၂ | ၁ | - | - | ၆ | - | ၁၄ | - | ၁၂ | ၁ | - |
| ၁၃ | ရှမ်းတောင် | ၃ | - | - | ၁ | - | - | - | - | ၄ | - | ၇ | - | - |
| ၁၄ | ရှမ်းမြောက် | - | - | - | - | - | - | - | - | - | - | - | - | - |
| ၁၅ | ရှမ်းအရှေ့ | ၂ | - | - | - | - | - | - | - | ၂ | - | ၄ | - | - |
| ၁၆ | ဧရာဝတီ | ၃၂ | - | ၅ | ၅ | ၂၀ | - | ၁ | - | ၆၃ | - | ၃၃ | - | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၁ | - | ၃ | - | ၁ | - | ၁ | - | ၆ | - | ၂ | - | - |
| | ပြည်ထောင်စုချုပ် | ၁၁၀ | - | ၃၅ | ၃၀ | ၃၉ | ၃ | ၁၅ | ၂ | ၂၃၄ | ၁ | ၂၈၄ | ၃ | ၃ |

Caption: ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**Source:** ပညာပေး

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု (လှည်းကူး) ရှိ ဓာတ်ခွဲခန်းအလိုက် အောက်တိုဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း လုပ်ငန်းရှင်ပေါင်း (၄၈) ဦးက အပ်နှံလာသော သီးနှံအမျိုးအစား (၁၈) မျိုး၊ စုစုပေါင်းနမူနာအရေအတွက် (၈၉) ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း (၂၄၂) ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လယ်ယာထွက်ကုန်ပို့ကုန်များအား စင်္ကာပူနှင့် ဂျပန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ပေါင်းဆန်၊ ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲလွန်း၊ ငရုတ်သီး၊ မှိုခြောက်၊ တိရစ္ဆာန်အစာ၊ ပဲပိစပ်စာ၊ ငါးစာတို့တွင် ဓာတု

စာမျက်နှာ ၁၉ ကော်လံ ၁ သို့



## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

စာမျက်နှာ ၁ မှအဆက်

များက ရှင်းလင်း ဆွေးနွေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၂) ကြိမ်မြောက် စီမံကိန်းကြီးကြပ်ရေး ကော်မတီ အစည်းအဝေးနှင့် (၈) ကြိမ်မြောက် စားသုံးသူကာကွယ်ရေးအစီအစဉ် ညှိနှိုင်းအစည်းအဝေးများတွင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် GIZ နှင့် ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးကော်မရှင်မှ တာဝန်ရှိသူများက အာဆီယံ စားသုံးသူကာကွယ်ရေးမဟာဗျူဟာ လုပ်ငန်းစီမံချက်များနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးအပ်ခြင်းနှင့် စားသုံးသူကာကွယ်ရေး အာဏာပိုင် အဖွဲ့အစည်းများမှ အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်များအပေါ် ဆက်လက်ပံ့ပိုး ကူညီမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ Workshop on



Guarantees and Warranties ကို ကျင်းပခဲ့ရာ အာဆီယံဒေသတွင်း စားသုံးသူများအနေဖြင့် ကုန်စည်အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်အာမခံချက်ပေးအပ်ခြင်းကို လုပ်ငန်းရှင်၏ တာဝန်တစ်ရပ်အဖြစ် ပိုမိုလေးစားလိုက်နာစေရေး စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၄-၁၀-၂၀၂၄

စာမျက်နှာ ၄ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှအဆက်

ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၁၀-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၁-၁၀-၂၀၂၄ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၃) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | အောက်တိုဘာလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | စက်တင်ဘာလ ဖြေရှင်းရန်ကျန် | အောက်တိုဘာ | ပေါင်း | စက်တင်ဘာလ ကျန်မှ | အောက်တိုဘာလ ကုန်စည် | အောက်တိုဘာလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၁ | | ၁ | | | | ၁ | ၁ | | | ၁ | ၁ | | ၁၀၀.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | ၃ | | ၃ | ၁ | | | ၁ | ၂ | ၃၃.၃၃% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၁ | ၁ | | ၁ | | ၅ | ၂ | ၇ | | | | | ၇ | ၀.၀၀% |
| ၁၀ | မွန်ပြည်နယ် | | ၁ | | | | ၁ | | ၁ | ၁ | | | ၁ | ၁ | | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | | ၁၄ | ၇ | ၆ | ၁ | | ၅၂ | ၁၄ | ၆၆ | ၁၂ | | ၂ | ၁၄ | ၅၂ | ၂၁.၂၁% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | ၁ | | | | | ၁ | | ၁ | ၁ | | ၁ | | ၁ | | ၁၀၀.၀၀% |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | ၁ | ၁ | | | | ၂ | ၁ | ၃ | ၂ | | | ၂ | ၁ | ၆၆.၆၇% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၂ | | | ၁ | ၁ | ၂ | ၂ | ၄ | ၂ | | ၁ | ၃ | ၁ | ၇၅.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၂ | ၂၀ | ၉ | ၇ | ၃ | ၃ | ၆၄ | ၂၂ | ၈၆ | ၁၇ | ၁ | ၅ | ၂၃ | ၆၃ | ၂၆.၇၄% |
| | | ၂၂ | | ၂၂ | | | | | | | | ၆ | | | | |

**Source: CICC**



စာမျက်နှာ ၁၆ မှအဆက်



ဘီးလင်းမြို့နယ် အ. ထ. က (ရွှေလှေ) ကျောင်း၊ ကျိုက်ထိုမြို့နယ် အ. လ. က (ခွဲ) ခလွန်ကျောင်းတို့တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ချောင်းဆုံမြို့နယ်နှင့် မုဒုံမြို့နယ်တို့တွင် စစ်ဆေးရေးအရာရှိ၏ ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်းများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ **မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ချောင်းဆုံမြို့နယ်ရှိ အ. မ. က (စော်ကဲတောင်) ကျောင်း၊ အ. မ. က (ဝယ်ကျိုက်) ကျောင်း၊ ကျိုက်မရောမြို့နယ် ကွန်းရွာ အ. ထ. က (ခွဲ) ကျောင်း၊ သထုံမြို့နယ် အ. မ. က (ဘူတာ) ကျောင်း၊ လုပ်ငန်းတာဝန်များဆိုင်ရာ သိကောင်းစရာအသိပညာပေး Talk show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ချောင်းဆုံမြို့နယ်ရှိ အွန်လိုင်းစနစ်ဖြင့်ရောင်းချသည့် ရွှေဆိုင်လုပ်ငန်းရှင်၊ ဘီးလင်း မြို့နယ် ငှက်ပျောကြော်လုပ်ငန်းရှင်တို့အား တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ **ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ဇေတဝန်ဘုန်းတော်ကြီး အတတ်သင်ကျောင်း၊ အမှတ် (၇) အ. ထ. က ကျောင်း၊ တောင်ကြီးမြို့ အ. လ. က (၁၀) ကျောင်း၊ အ. ထ. က (ခွဲ) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့နောက် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်နှင့် လျှပ်စစ်ပစ္စည်းပြုပြင်ရောင်းဝယ်ရေးရောင်းချသည့်လုပ်ငန်းရှင်တို့နှင့် တွေ့ဆုံ ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:**ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်း သည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း တစ်ဖက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်-

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

## ပြည်နယ်များအတွင်း စားသုံးသူ အသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း **ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နှင့် ပ. လ. န ကျေးရွာရှိ ပြည်သူများ၊ သိမ်အင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ရှိုးကြီးရပ်ကွက်ရှိ သုညသုခပရဟိတအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဗန်းမော်မြို့ မံဖာကျေးရွာ၊ မိုးညှင်းမြို့နယ်၊ မြိုင်ကျေးရွာ၊ အ. မ. က ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် မိုးညှင်းမြို့နယ် စာထားကျေးရွာရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့ပြင် မြစ်ကြီးနားမြို့ စက်မှုဇုံရက်ကွက်ရှိ စက္ကူနှင့် စာအုပ်ချုပ်လုပ်သည့် လုပ်ငန်းရှင်များ၊ ရမ်ပူရပ်ကွက်နှင့် ရွှေညောင်ပင်ရပ်ကွက်ရှိ ကချင်ရိုးရာအထည်အမျိုးမျိုးရောင်းချသည့် လုပ်ငန်းရှင်များ၊ နောင်နန်းကျေးရွာရှိ အထည်ချုပ်လုပ်ငန်းရှင်နှင့် အေးမြသာယာရပ်ကွက်ရှိ စားသောက်ကုန်မျိုးစုံဖြန့်ဖြူး ရောင်းချသည့်လုပ်ငန်းရှင်များ၊ ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်ရှိ ဆန်လုပ်ငန်းရှင်များ၊ နားခါရပ်ကွက်ရှိ Food and Drink လုပ်ငန်းရှင်များနှင့် အိမ်သုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ဆန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ပင်စင်ကုန်းရပ်ကွက်ရှိ လက်လီလက်ကားကုန်စုံဆိုင် ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မိုးညှင်းမြို့ ရန်ကင်းရပ်ကွက်ရှိ လျှပ်စစ်ဆိုင်ကယ်ရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့် နိဗ္ဗာန်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များအား အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး



ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှုအခြေအနေ၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သတ်၍အကြောင်းအရာများနှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ **ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ပေါ်ရှိ အ. ထ. က (၃) ခွဲ ကျောင်း၊ အ. ထ. က (၅) ကျောင်း၊ အ. ထ. က (၁) ကျောင်းများသို့ သွားရောက်၍ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း၊ ထို့အပြင် စီးပွား

စာမျက်နှာ ၁၇ ကော်လံ ၁ သို့



## ငွေလွှဲဝန်ဆောင်မှုအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ




ပဲခူးတိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် ၎င်း၏ Mobile Banking အကောင့်မှ အခြားသူ၏ Mobile Banking အကောင့်သို့ ငွေကျပ် သိန်း (၃၀၀) အား မှားယွင်းစွာ လွှဲပြောင်းပေးပို့မိသည့်အတွက် အဆိုပါငွေအား ပြန်လည်ထုတ်ယူလိုသဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ဆက်သွယ်တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားသူမှားယွင်းငွေလွှဲမိသည့် Mobile Banking အကောင့်၏ ငွေဝင်ငွေထွက်မှတ်တမ်းများနှင့် ကိုယ်ရေးအချက်အလက်များ စိစစ်ပေးရန်နှင့် မှားယွင်းလွှဲမိသည့်ငွေများ ပြန်လည်ထုတ်ယူနိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက် ဆောင်ရွက်ပေးပါရန် သက်ဆိုင်သည့် ဘဏ်သို့ အကြောင်းကြားဆောင်ရွက်ခဲ့ကြောင်း၊ ဘဏ်မှ တာဝန်ရှိသူများက တိုင်ကြားသူ မှားယွင်းစွာ ငွေလွှဲမိသည့် Mobile Banking အကောင့်ပိုင်ရှင်ထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ ညှိနှိုင်းခဲ့ရာ အဆိုပါငွေအား ပြန်လည် လွှဲပြောင်းပေးရန် ငြင်းဆိုသည့်အနေအထားရှိသည့်အတွက် တိုင်ကြားသူအနေဖြင့် ဥပဒေကြောင်းအရ တရားစွဲဆို သင့်ပါကြောင်း ဘဏ်မှ အကြံပြုချက်ကို စားသုံးသူရေးရာဦးစီးမှူးရုံးက ညှိနှိုင်းအကြောင်းပြန်ကြားခဲ့ကြောင်း၊ တိုင်ကြားသူက ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရဲစခန်းသို့ သွားရောက် တိုင်ကြား၍ မှားယွင်းငွေလွှဲမိသည်ကို လက်ခံထားသည့် Mobile Banking အကောင့်ပိုင်ရှင်နှင့် ညှိနှိုင်းခဲ့ရာ မှားယွင်းစွာ လွှဲမိသည့် ငွေကျပ်သိန်း (၃၀၀) အား ၂၈-၉-၂၀၂၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့သည့်အတွက် စိတ်ကျေနပ်မှုရရှိပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း အကြောင်းပြန်ကြားလာသည့်အတွက် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အွန်လိုင်းမှတစ်ဆင့် ယိုးဒယားကွေ့တီယိုထုပ်များ မှာယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Facebook Page တစ်ခုထံမှ အသင့်စား ယိုးဒယားကွေ့တီယိုအထုပ် ၅၀၀ အား ငွေကျပ် ၄၃၆,၅၀၀/- လွှဲ၍ မှာယူခဲ့ရာ အထုပ် ၁၀၀ သာ ပေးပို့ပြီး ကျန်သည့်အထုပ် ၄၀၀ ကို ပေးပို့ခြင်းမရှိပါသဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website

စာမျက်နှာ ၆ ကော်လံ ၁ သို့

*စာမျက်နှာ ၅ မှအဆက်*

Complaint System သို့ ဆက်သွယ်တိုင်ကြားလာပါသည်။ တိုင်ကြားမှု နှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက ၈-၁၀-၂၀၂၄ ရက်နေ့တွင် တိုင်ကြားစာပါ လိပ်စာတွင် ဖွင့်လှစ်ထားသော ယိုးဒယားကွေ့တီယိုဆိုင်ပိုင်ရှင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ လုပ်ငန်းပိုင်းအခက်အခဲဖြစ်ရခြင်းကြောင့် ပစ္စည်းပေးပို့နိုင်ခြင်း မရှိသေးပါကြောင်း၊ ၁၅-၉-၂၀၂၄ ရက်နေ့မှစ၍ လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်သောကြောင့် မှာယူထားသော စာရင်းဇယားအတိုင်း ၆ လအတွင်း ပစ္စည်းများအား ပြန်လည်ပို့ဆောင်ပေးပါမည်ဟု ပြောကြားခဲ့သည့်အတွက် ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဖုန်းဖြင့် ဆက်သွယ်ပြန်ကြားခဲ့ကြောင်း၊ ၉-၁၀-၂၀၂၄ ရက်နေ့တွင် ကွေ့တီယိုဆိုင်ဘက်မှ ကွေတီယို အထုပ် (၅၀) အား Delivary ဖြင့် ဂိတ်ချပို့ဆောင်မည်ဟု သဘောတူထားကြောင်း၊ ကျန်




အထုပ် ၃၅၀ အား ငွေသားဖြင့်သာ ပြန်လည် ရယူလိုကြောင်း ပြောကြားခဲ့ရာ ဆိုင်ဘက်မှ ၅-၁၁-၂၀၂၄ ရက်နေ့တွင် K-pay ဖြင့် လွှဲပေးမည်ဟု ကတိပြုပြောကြားခဲ့သဖြင့် တိုင်ကြားသူက ကျေနပ်လက်ခံပါကြောင်း ပြန်လည်ဖြေကြားခဲ့ပြီး စားသုံးသူကာကွယ်ရေး ဥပဒေအရ စေ့စပ်ညှိနှိုင်းခြင်း နည်းလမ်းဖြင့် တိုင်ကြားမှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများအသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သာကေတမြို့နယ်အတွင်း ရောင်းချဖြန့်ဖြူးနေသော သောက်ရေသန့်အမျိုးမျိုးအား သွားရောက်စစ်ဆေးခဲ့ရာ ရေသန့်ဗူးများအား လမ်းဘေးပလက်ဖောင်းများတွင် အချိန်ကြာမြင့်စွာ စုပုံထားခြင်း ကြောင့် နေရောင်ခြည်နှင့်ထိတွေ့၍ မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် အမိုးအကာအောက် အေး၍ ခြောက်သွေ့သောနေရာတွင်ထား၍ စားသုံးသူများအား ရောင်းချခြင်းရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှိုင်သာယာမြို့များရှိ လက်လီ လက်ကားရောင်းချသော ကုန်စုံဆိုင်

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှအဆက်*

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးမြို့ မင်္ဂလာဈေးနှင့် ရန်ပယ်ဈေးတို့ရှိ ဈေးသူဈေးသားများ၊ မင်းဘူးမြို့ရှိ စားသုံးသူပြည်သူများ၊ တောင်တွင်းကြီးမြို့နယ် ငမင်ကျေးရွာ အ.မ.ကကျောင်း၊ ညောင်ပင်လှရွာ အ.မ.က ကျောင်း၊ အောင်လံမြို့ ကံကြီးရပ်ကွက် အ.မ.က (၁) ကျောင်း၊ အောင်လံမြို့ အ.မ.က (၂) ကျောင်း၊ စလင်းမြို့ အ.ထ.က ကျောင်း၊ တောဆိပ် အ.ထ.က ကျောင်း၊ မြို့သစ်မြို့နယ် ထနောင်းပင်ကျေးရွာ အ.မ.က ကျောင်း၊ အနောက်တောင်ရပ် အ.မ.က ကျောင်း၊ မင်းတုန်းမြို့နယ် ကျောက်ကြီးကျေးရွာ အ.ထ.က (ခွဲ) ကျောင်း၊ သဲကန်ရွာ အ.လ.က ကျောင်း၊ ဇီးချိုပင်ရွာ အ.မ.က ကျောင်း၊ အ.လ.က (၃) ကျောင်း၊ ပခုက္ကူမြို့ အ.မ.က ကျောင်းနှင့် အ.လ.က (ခွဲ)ကျောင်း၊ ဆိပ်ဖြူမြို့ ကျီးပင်ရွာ အ.မ.က ကျောင်း၊ ဂန့်ဂေါမြို့ အ.လ.က (ခွဲ) ကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဆင်ပေါင်ဝဲမြို့ စည်ပင်လှကျေးရွာရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့ပြင် သရက်နှင့် ကံမမြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ထို့ပြင် မကွေးမြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့၊ တောင်တွင်းကြီးမြို့၊ နတ်မောက်မြို့များ၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့၊ ကံမမြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့တို့ရှိ ကုန်စုံဆိုင်၊ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်တို့ရှိ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်ရှင်များ၊ ပဲကြော်လုပ်ငန်းရှင်များ၊ ဆီလုပ်ငန်းရှင်များ၊ ဝါလုပ်ငန်းရှင်များ၊ အရုပ်အရောင်းဆိုင်များမှ လုပ်ငန်းရှင်များ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဖုန်းဆိုင်လုပ်ငန်းရှင်များ၊ လျှပ်စစ်ပစ္စည်းဆိုင်လုပ်ငန်းရှင်များ၊ ဆန်လုပ်ငန်းရှင်များ၊ စာရေးကိရိယာဆိုင်လုပ်ငန်းရှင်များ၊ သောက်ရေသန့်လုပ်ငန်းရှင်၊ ကွမ်းစားဆေးရောင်းချသည့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များအကြောင်း အသိ



ပညာပေးဟောပြောခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ရှိ စားသုံးသူပြည်သူများ၊ မြိတ်မြို့ အ.ထ.က (ခွဲ)၊ အ.လ.က (၁) ကျောင်း၊ ကော့သောင်းမြို့ အမှတ်(၁) အ.ထ.က ကျောင်းတို့ရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း၊ အွန်လိုင်းရောင်းဝယ်မှုနှင့်ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များအကြောင်းကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

*စာမျက်နှာ ၁၃ မှအဆက်*

စက်သုံးဆီရောင်းချသည့် လုပ်ငန်း ရှင်များနှင့် ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဈေးနှုန်းကြီးမြင့်မှုမရှိစေဘဲ ရည်ညွှန်း ဈေးဖြင့်ရောင်းချရေး၊ ဈေးနှုန်း မြင့်တင်ရောင်းချမှုမရှိရေးနှင့် အချိန် အတွယ်မှန်ကန်စေရေး၊ ကုန်အညွှန်း အမှတ်အသားပြည့်စုံ မှန်ကန်မှုရှိစေ ရေး ဆွေးနွေးဟောပြောခဲ့ကြောင်း၊

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့်** မုံရွာမြို့ရှိ စားသုံးသူပြည် သူများ၊ ကလေးခရိုင် ဖောင်းပြင်မြို့ ထွန်းရွှေဝါရပ်ကွက်ရှိ အမှတ် (၈၇) မူလွန်ကျောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့ လိတ္တူကျေးရွာ၊ ကန့်ဘလူခရိုင် ကျွန်းလှမြို့၊ ပျဉ်းမမြိုင် ရပ်ကွက်တို့ရှိ အ. လ. က ကျောင်း၊ ပိတောက်မြိုင် ရပ်ကွက်ရှိ အမှတ် (၁) မူလွန်ကျောင်း၊ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်ရှိ အ. လ. က (ခွဲ) ကျောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ အ. မ. က (၁၅၉) ကျောင်း၊ ရွှေဘိုမြို့ အ. ထ. က (၂) ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကလေးမြို့ အသေး စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ် မှုနည်းပညာသင်တန်းရှိ သင်တန်းသား သင်တန်းသူများ၊ ကန့်ဘလူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန နှင့် စစ်ကိုင်းမြို့၊ ရေကားကျေးရွာရှိ စစ်ကိုင်းဇုန်၊ဆေးဝါးနှင့် စားသောက် ကုန်ထုတ်လုပ်ရေးလီမိတက်အမှတ် (၃) ဆေးဝါးစက်ရုံတို့ရှိ ဝန်ထမ်းများ အား စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ဌာနသို့ ဆက်သွယ် တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှု ဖြစ်စဉ်များကို အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေး ခဲ့ကြောင်း၊ စစ်ကိုင်းမြို့ရှိ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ အွန်လိုင်းနှင့် ပတ်သက်သည့် သိကောင်းစရာများ အကြောင်း အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ် ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှု များကိုလည်း စုစုပေါင်း (၂၆) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စီးပွားရေး လုပ်ငန်းရှင်တို့၏ လိုက်နာရမည့် တာဝန်များအကြောင်းကို ဟောပြော ဆွေးနွေးကာ လက်ကမ်းစာစောင် များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း၊

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဖြူးမြို့ မြို့မ (၁) ရပ်ကွက်ရှိ အခြေခံ ပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ဖြူးမြို့စည်ပင် သာယာဈေးရှိ ဈေးသူဈေးသားများ အား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း၊ ထို့ပြင် ပေါင်းတည်မြို့နယ်၊ ဒိုက်ဦး မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိ ပညာပေး Talk Show အစီအစဉ် များလည်း ကျင်းပခဲ့ကြောင်း၊ ထို့အတူ ပြည်မြို့ နဝဒေးရပ်ကွက်ရှိ ဆန်မရွေး လုပ်ငန်းရှင်၊ ကျောင်းကြီး အိုးတန်း ရပ်ကွက်ရှိ ပရဆေးဆိုင်လုပ်ငန်းရှင်၊ ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ဆန်စက်လုပ်ငန်းရှင်နှင့် ဆီစက် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွား ရေးလုပ်ငန်းရှင်များ၏ စီးပွားရေး လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာ ပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာ စောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှအဆက်*

များသို့ သွားရောက်၍ ခေါက်ဆွဲထုပ် များပေါ်တွင် ရေးသားဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများ ပြည်စုံစွာဖော်ပြရိုက်နှိပ် ထားခြင်း ရှိ-မရှိ၊ သန်လျင်မြို့နယ်ရှိ Supermar-ket၊ သုံးခွမြို့နယ် စည်ပင်သာယာ မြို့မဈေး၊ ခရမ်းမြို့နယ် စည်ပင် သာယာဈေး၊ တွံတေးမြို့နယ် စည်ပင်သာယာမြို့မဈေး၊ ကွမ်းခြံ ကုန်းမြို့နယ် စည်ပင်သာယာမြို့မဈေး အတွင်းတို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ တားမြစ်ထားသော စည်သွပ်ဗူးများ ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့်** မန္တလေးမြို့ လက်ဖက်နှင့် ပဲကြော်လုပ်ငန်းများသို့ သွားရောက်၍ သက်ဆိုင်ရာဌာနများက လိုက်နာရန် ထုတ်ပြန်ထားသော ကုန်အညွှန်း အမှတ်အသားဆိုင်ရာ သတ်မှတ်ချက် များနှင့် ကိုက်ညီမှု ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး အနေဖြင့်** ပုသိမ်မြို့နယ် မြို့မဈေး အတွင်းရှိ ဆန်အရောင်းဆိုင်များနှင့် ကုန်စုံဆိုင်များ၊ ကန်ကြီးထောင့်မြို့နယ် မြို့မဈေးအတွင်းရှိ အချိုရည် အရောင်းဆိုင်များနှင့် အမှတ် (၃) ရပ်ကွက်ရှိ စားသုံးဆီ အရောင်းဆိုင် များ၊ ငပုတောမြို့နယ် မင်္ဂလာလမ်းရှိ မုန့်မျိုးစုံအရောင်းဆိုင်များနှင့် မကျီးပင်လမ်းရှိ စားသုံးဆီအရောင်း ဆိုင်များနှင့် ကုန်စုံဆိုင်များ၊ ကျုံပျော် မြို့နယ် မြို့မဈေးအတွင်းရှိ ဆန် အရောင်းဆိုင်များ၊ ရေကြည်မြို့နယ် ပိတောက်ချောင်းလမ်းရှိ စားသုံးဆီ အရောင်းဆိုင်များ၊ သာပေါင်းမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ဆန်အရောင်း ဆိုင်များတွင် ကုန်အညွှန်းအမှတ် အသားဆိုင်ရာ သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်မှု ရှိ-မရှိ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့များပေါ်ရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အသင့်စား ခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုးတွင် သက်ဆိုင်ရာ ထောက်ခံချက်များ ပါဝင်မှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ် သားပြည့်စုံမှန်ကန်မှု ရှိ-မရှိ၊ မအူပင် မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်း မြို့နယ်နှင့် ဓနုဖြူမြို့ နယ်တို့ရှိ စားသုံးဆီဆိုင်များတွင် သက်ဆိုင်ရာထောက်ခံချက်များ



ပါဝင်မှု ရှိ-မရှိနှင့် သတ်မှတ်ရည်ညွှန်း ဈေးဖြင့် ရောင်းချခြင်းရှိ-မရှိ၊ ဟင်္သာတမြို့နယ် ပဒေသာဈေးနှင့် ဌေးဝင်းဈေးအတွင်းရှိ ကုန်စုံဆိုင်များ၌ ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်စည်များ၊ ဖက်ရှင်အသုံးအဆောင် နှင့် လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အလှ ကုန်ပစ္စည်းများရောင်းချသည့် လုပ်ငန်း၊ ခေါင်းလျှော်ရည်နှင့် ရေချိုး ဆပ်ပြာလုပ်ငန်း၊ အိမ်ဆောက်ပစ္စည်း လုပ်ငန်းများ၊ ဇလွန်မြို့နယ်မှ အထည် အမျိုးမျိုးလုပ်ငန်းများနှင့် ဆပ်ပြာဆီ ကုန်ကြမ်းလုပ်ငန်း၊ ကြံခင်းမြို့နယ်မှ အသင့်စားခေါက်ဆွဲအမျိုးမျိုးနှင့် သီးစုံဖျော်ရည်၊ အအေးအမျိုးမျိုး လုပ်ငန်းတို့သို့ သွားရောက်၍ ecomreg စနစ်တွင် ဖြည့်စွက်ထားသည့် အမျိုးအစားများအတိုင်း အမှန် တကယ် ရောင်းချမှုရှိ-မရှိ၊ မှတ်ပုံတင် ထားသည့် အမည်ဖြင့် ဖြန့်ဖြူးရောင်း

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၇ မှအဆက်*

ချမှုရှိ-မရှိ၊ အွန်လိုင်းမှတ်ပုံတင်လက်မှတ်ရရှိထားမှု ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ **စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၃၅) ကြိမ် ဆောင်ရွက်ခဲ့ပြီး တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုး အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ **ပဲခူးတိုင်းဒေသကြီးဦးစီးမှူးအနေဖြင့်** သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မဈေး အပြင်တန်းနှင့် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ နတ်တလင်းမြို့ပေါ်ရှိ ဆေးပစ္စည်းအရောင်းဆိုင်များနှင့် မြို့မဈေးအတွင်းရောင်းချနေသော ကုန်မျိုးစုံဆိုင်များ၊ သနပ်ပင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကား ရောင်းချသော ကုန်စုံဆိုင်များ၊ဖြူးမြို့ရှိမြို့မဈေးနှင့်ဈေးရှိ ဆေးဆိုင်များ၊ ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာရှိ ဆန်စက်၊ ပြည်မြို့ မြို့ပေါ် ရပ်ကွက်ရှိ တိုင်းရင်းဆေးဆိုင်များ၊ ရွှေတောင်မြို့ ကြာနီကန် ရပ်ကွက်ရှိ တိုင်းရင်းဆေးဆိုင် များ၊ ပေါက်ခေါင်းမြို့ ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များနှင့် ပန်းတောင်းမြို့ရှိ ဆေးဆိုင်များ၊ ပန်းတောင်းဈေးရှိ ကုန်စုံဆိုင်များ၊ မြို့မဈေးရှိ ကုန်စုံဆိုင်များသို့သွားရောက်၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ-မရှိ၊ စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်သည့် ကုန်စည်များအား ရောင်းချခြင်း ရှိ-မရှိ၊ စားအုန်းဆီခွဲတမ်းရရှိသည့် ဆီများအား ရောင်းချရာတွင် သတ်မှတ်ဈေးထက်ကျော်လွန်ရောင်းချခြင်းနှင့် အလေးချိန်မှန်ကန်စွာ ရောင်းချပေးခြင်း ရှိ-မရှိ၊ ဆေးအမျိုးအစားအလိုက် ဝယ်ယူရရှိမှုအခြေအနေ၊ ပစ္စည်းပြတ်လပ်မှုအခြေအနေ၊ ဈေးနှုန်းမြင့်တင်ရောင်းချမှုအခြေအနေများ ရှိ-မရှိနှင့် စပ်ဆေးများ ရောင်းချခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိသော ကုန်စည်များ တင်သွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေး ကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးများတွင် ၁၆ ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် ၁၈ ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် ၃ ကြိမ်၊ စုစုပေါင်း ၃၇ ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် ၂ ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် ၅ ကြိမ်၊ စုစုပေါင်း ၇ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ **တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ သပြေချောင်းဈေး၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ အ. ထ. က (ခွဲ) နှင့် အ. လ. က (၁) ကျောင်းမုန့်ဈေးတန်းများ၊ Shopping Center များ၊ ကော့သောင်းမြို့ပေါ်ရှိ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

စားသုံးသူနစ်နာဆုံးရှုံးမှုပေါ်ပေါက်ပါက တိုင်ကြားနိုင်မည့် နည်းလမ်းများအကြောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း၊ **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကုန်းသာကျေးရွာနှင့် မိတ္ထီလာခရိုင် သာစည်မြို့နယ် ကုန်တောင်ကျေးရွာတို့ရှိ စားသုံးသူပြည်သူများအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ညောင်ဦးမြို့၊ မြို့မ အ. ထ. က ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း၊ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Talk Show အစီအစဉ်များလုပ်ခဲ့ပါကြောင်း၊ **ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အသိပညာပေးခြင်းနှင့် ပတ်သက်၍ မအူပင်မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၊ ဓနုဖြူမြို့နယ်ရှိ အ. ထ. က ကျောင်း၊ ညောင်တုန်းမြို့နယ် စကြော့ကျေးရွာရှိ အ. ထ. က ကျောင်း၊ ကန်ကြီးထောင့်မြို့နယ်ရှိ အ. လ. က ကျောင်း၊ ကျိုက်လတ်မြို့နယ်ရှိ အ. ထ. က ကျောင်း၊ ကျောင်းကုန်းမြို့နယ်ရှိ အ. ထ. က (ခွဲ) ရင်ဆိုင်ကျောင်း၊ ကျုံပျော်မြို့နယ်ရှိ အ. ထ. က ကျောင်း၊ ငပုတောမြို့နယ်ရှိ အ. ထ. က(ခွဲ) ကျောင်း၊ ရေကြည်မြို့နယ်ရှိ အ. လ. က ကျောင်း၊ သာပေါင်းမြို့နယ်ရှိ အ. မ. က ကျွန်းကလေးကျောင်းနှင့် ဘိုကလေးမြို့နယ် မူလွန်ကျောင်းတို့ရှိ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ ပန်းတနော်မြို့နယ် အနောက်ပိုင်းရပ်ကွက်နှင့် ဖျာပုံမြို့နယ် (၁၅) ရပ်ကွက်တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့အတူ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်၊ မြောင်းမြမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အိမ်မဲမြို့နယ်၊ မအူပင်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များနှင့် ရေသန့်လုပ်ငန်းရှင်၊ ကန်ကြီးထောင့်မြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ကျုံပျော်မြို့နယ်ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များနှင့် တေဇလမ်းရှိ မုန့်ဆိုင်လုပ်ငန်းရှင်၊ ဝါးခယ်မမြို့နယ် မြို့မဈေးရှိ ကုန်မျိုးစုံ ရောင်းချသည့် လုပ်ငန်းရှင်များ၊ သာပေါင်းမြို့နယ်ရှိ စားသုံးဆီလုပ်ငန်းရှင်များနှင့် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်၊ ရေကြည်မြို့နယ်ရှိ စားသုံးဆီလုပ်ငန်းရှင်များနှင့် မုန့်တိုက်လုပ်ငန်းရှင်၊ ကျောင်းကုန်းမြို့နယ်ရှိ မုန့်လုပ်ငန်းရှင်များနှင့် ကညင်သုံးဆင့်ကျေးရွာရှိ ဆန်စပါးလုပ်ငန်းရှင်၊ ငပုတောမြို့နယ် အုန်းပင်စုကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင်၊ မကျီးပင်ကျေးရွာရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ မြောင်းမြခရိုင်ရှိ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ဆန်စက်လုပ်ငန်းရှင်များ၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဆန်ကုန်သည်များနှင့် စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ အိမ်မဲမြို့နယ်ရှိ မုန့်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ လပွတ္တာမြို့နယ်ရှိ

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

## ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ အောက်တိုဘာလအထိ) အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုမ္ပဏီ (၃၇၅) မှ စိစစ်ရန်တင်ပြလာသည့် ကုန်ပစ္စည်း (၁၂၃၁) အနက် ကုမ္ပဏီ (၃၇၃)နှင့် ကုန်ပစ္စည်း (၁၂၂၉) တို့ကို စိစစ်ဆောင်ရွက်ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူ အခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးတို့အတွက် စားသုံးသူအသိပညာ ပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ အတွင်း နေပြည်တော်ကောင်စီဦးစီးမှူးရုံးအနေဖြင့် ဒက္ခိဏသီရိမြို့နယ် အာလူးကြော်ဖိုရှိ ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ် (၁၃) အ. ထ. က ကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ နေပြည် တော်ကောင်စီအတွင်းရှိ ပြည်သူများနှင့် တပ်ကုန်းမြို့မဈေးတို့ရှိ ပြည်သူများအား စားသုံးသူအခွင့် အရေးနှင့်တာဝန်များအကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရာတွင် ထည့်သွင်းရမည့် ကုန်အညွှန်းအမှတ် အသားများအကြောင်း၊ အွန်လိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင်ကုန်သွယ်မှု တားဆီးတိုက်ဖျက်ရေးကိစ္စရပ်များအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ **ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့်** ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ စည်ပင်သာယာဈေး တာဝန်ခံရုံးခန်းရှိ စားသုံးသူပြည်သူများ၊ ကြည့်မြင်တိုင်မြို့နယ် အ. မ. က (၁) ကျောင်းနှင့် ခရမ်းမြို့နယ် အ. မ. က (၆) ကျောင်းတို့ရှိ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူများ ရရှိနိုင်သည့် အခွင့် အရေး (၈) ချက်၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့



စာမျက်နှာ ၈ မှအဆက်

သောက်ရေသန့်စက်ရုံ၊ အ. ထ. က (၁)ကျောင်းမုန့်ဈေးတန်း၊ သောက်ရေသန့်စက်ရုံများသို့ သွားရောက်၍ ဦးစားပေးကုန်စည်များတွင် ပါဝင်သည့် ကော်ဖီမစ်အမှတ်တံဆိပ်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်အမျိုးမျိုး အပြင် အသင့်စားမုန့်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်စည်အမျိုးမျိုးတွင် ကုန်ညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှု ရှိ-မရှိ၊ ဆေးဝါးများတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော သုံးစွဲရန်မသင့်သည့် ဆေးဝါးများ၊ တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ-မရှိ၊ ဆေးဈေးနှုန်းများ မြင့်တင်ရောင်းချမှု ရှိ-မရှိ၊ ဆန်ဈေးနှုန်းများ၊ ရောနှောဆီများ၊စက်သုံးဆီများ၏ဈေးနှုန်းများအား သက်မှတ်ချက်နှင့်အညီ ရောင်းချနေမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး အသိပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများအသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း **ကချင်ပြည်နယ် ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ စည်ပင်သာယာရေစင်ဈေး၊ စည်ပင်သာယာဈေး (၁)၊ တပ်ကုန်းရပ်ကွက်၊ အင်ဂျန်ဒိုရပ်ကွက်၊ စက်မှုဇုံရပ်ကွက်၊ ရှမ်းစုတောင်ရပ်ကွက်များရှိ ကုန်စုံဆိုင်များ၊ အင်ဂျန်ဒိုရပ်ကွက် အမှတ် (၆) အ. ထ. က ကျောင်းရှိ မုန့်ဈေးဆိုင်များ၊ ရှမ်းစုမြောက်ရပ်ကွက်ရှိ စတိုးဆိုင်များ၊ အောင်နန်းရပ်ကွက်ရှိ မုန့်မျိုးစုံလုပ်ငန်း၊ အေးမြသာယာရပ်ကွက်ရှိ ဆေးဆိုင်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့ရှိ ပေါက်ကုန်းရပ်ကွက်၊ ကန်တော်ရပ်ကွက်၊ ဟန်းတဲရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ အလယ်ရပ်ရပ်ကွက်နှင့် စည်ပင်သာယာဈေးတို့ရှိ ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များ၊ အရှေ့သာစည်ရပ်ကွက်၊ အမှတ် (၄) အ. ထ. က ကျောင်းမုန့်ဈေးဆိုင်၊ မိုးညှင်းခရိုင် မိုးညှင်းမြို့ နားခါရပ်ကွက်နှင့် စိမ်းမြောက်ရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ စည်ပင်သာယာဈေး (၁) ရှိ ကုန်စုံဆိုင်၊ မိုးညှင်းမြို့၊ မြိုင်ကျေးရွာ အ. မ. က ကျောင်းရှိ မုန့်ဈေးဆိုင်၊ နားခါမြောက်ရပ်ကွက်ရှိ ဆေးဆိုင်၊ အုတ်ကျင်းရပ်ကွက်ရှိ သောက်ရေသန့်အလုပ်ရုံ၊ သာစည်ရပ်ကွက်ရှိ စတိုးဆိုင်တို့သို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီထုပ်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

*စာမျက်နှာ ၉ မှအဆက်*

ဆေး နှင့်ဆေးပစ္စည်းအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုးနှင့် ငရုပ်ဆီ၊ စားသုံးဆီအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ **ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ပေါ်ရှိ အ.ထ.က -၃ (ခွဲ) ကျောင်း၊ အ.ထ.က (၅) ကျောင်း၊ အ.ထ.က (၁) ကျောင်း တို့ရှိ ကျောင်းမုန့်ဈေးတန်းများ၊ အမှတ် (၂) ရပ်ကွက်ရှိ လက်လီလက် ကားဖြန့်ဖြူး ရောင်းချနေသော ကုန်စုံဆိုင်များ၊ ကုန်တိုက်များအား သွားရောက်၍ ဦးစားပေးကုန်စည် ၁၀ မျိုးဖြစ်သည့် သောက်ရေသန့် အမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုးတို့တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ-မရှိနှင့် ဘားအံမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များသို့ သွားရောက်၍ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ **မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်ခရိုင်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒုံမြို့နယ်နှင့် သထုံခရိုင်အတွင်းရှိ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ တားမြစ်ထားသော အသားဟင်း၊ ငါးဟင်းစည်သွပ်ဘူးများ ရောင်းချနေခြင်း ရှိ-မရှိ၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ဆန်ဂိုဒေါင်နှင့် ဆန်ဆိုင်များသို့ သွားရောက်၍ ဆန်ဈေးနှုန်းမြင့်တင် ရောင်းချခြင်း ရှိ-မရှိ၊ မော်လမြိုင်မြို့ ဖက်ခင်းရပ်ကွက်ရှိ Super Market ၊ ချောင်းဆုံမြို့နယ် အမှတ် (၂) မြို့မဈေးအရောင်းဆိုင်များ၊ ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက်ရှိ မြို့မဈေးနှင့် ရန်မျိုးအောင်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ မုဒုံမြို့နယ် မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ သထုံခရိုင် ကျိုက်ထိုမြို့နယ်ရှိ ကုန်စုံဆိုင်များ၊ ဘီးလင်းမြို့နယ် နီလာဈေးနှင့် မင်္ဂလာဈေး၊ သထုံမြို့နယ် နန်းခဲရပ်ကွက်ရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ-မရှိ၊ ချောင်းဆုံမြို့နယ် အမှတ် (၂) မြို့မဈေးရှိ ကုန်စုံဆိုင်များနှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ သောက်ရေသန့်စက်ရုံနှင့် အဖျော်ယမကာ လက်လီလက်ကား အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော သောက်ရေသန့်နှင့် အသင့်သောက်အချိုရည် အမျိုးမျိုးတို့တွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းများ မြင့်တက်မှု ရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှု ရှိ-မရှိ၊ ဆေးဝါးများ ဈေးနှုန်းမှန်ကန်စေရေး နှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း ရှိ-မရှိ၊ သထုံမြို့နယ် အ.မ.က (ဘုတာ) ကျောင်း၊ ကျိုက်ထိုမြို့နယ် အ.ထ.က (၁) ကျောင်းနှင့် ဘီးလင်းမြို့နယ် အ.ထ.က (ရွှေလှေ) ကျောင်းတို့ရှိ မုန့်ဈေးတန်းများသို့ သွားရောက်၍

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ **ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့ အမှတ် (၁) ရပ်ကွက်ရှိ မုန့်မျိုးစုံလုပ်ငန်း၊ ကျိုင်းတုံမြို့ရပ်ကွက် (၄) အတွင်းရှိ ဆန်စက်များ၊ ကျိုင်းတုံမြို့ မြို့မဈေးအတွင်းရှိ အခြေခံစားသောက်ကုန်အရောင်းဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၁) နှင့် ရပ်ကွက် (၄) အတွင်းရှိ ဆန်ဆိုင်များ၊ ကျိုင်းတုံ-လွိုင်မွေလမ်းမပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ကျိုင်းတုံမြို့၊ မြို့မဈေးအတွင်းရှိ ကလေးဖြည့်စွက်အာဟာရအမျိုးမျိုးရောင်းချသော ကုန်စုံဆိုင်များ၊ ကျိုင်းတုံမြို့၊ အ.ထ.က (၇) ကျောင်းအတွင်းရှိ မုန့်အရောင်းဆိုင်များ၊ တာချီလိတ်မြို့ လွယ်စတုံအောက်ရပ်ရှိ ရွှေငါးတံဆိပ်မုန့်နှင့် မုန့်မျိုးစုံလုပ်ငန်း၊ ကျိုင်းတုံမြို့၊ ရပ်ကွက် (၁)၊ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟဲဟိုးမြို့ပေါ်ရှိ အာလူးကြော်လုပ်ငန်းများ၊ လွိုင်လင်မြို့ပေါ်ရှိ ဆန်အရောင်းဆိုင်များ၊ အောင်ပန်းမြို့ပေါ်နှင့် ဟဲဟိုးမြို့ပေါ်ရှိ စားအုံးဆီအရောင်းဆိုင်များ၊ လွိုင်လင်မြို့၊ ပင်လုံမြို့၊ နမ့်စန်မြို့ပေါ်ရှိကုန်စုံဆိုင်များ၊ ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုးရောင်းချသည့် ကုန်စုံဆိုင်များ၊ တောင်ကြီးမြို့ပေါ်ရှိ လက်လီလက်ကားရောင်းချနေသော ဆေးနှင့်ဆေးပစ္စည်းများ အရောင်းဆိုင်များ၊ တောင်ကြီးမြို့ပေါ်ရှိ အစားအသောက် နှင့် ကုန်ပစ္စည်းများ ရောင်းချနေသော စတိုးဆိုင်များနှင့် ကုန်စုံဆိုင်များ၊ တောင်ကြီးမြို့၊ အ.လ.က (၁၀) ကျောင်းမုန့်ဈေးတန်း၊ ဝေါ်ခုတ်မြို့သစ်ရပ်ကွက်အတွင်းရှိ သောက်ရေသန့်ထုတ်လုပ် ရေးစက်ရုံများသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြခြင်း ရှိ-မရှိ နှင့် ထုတ်ကုန်များကို သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ် ဖြန့်ချိမှု ရှိ-မရှိ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးကို အလေးထားဆောင်ရွက်မှု ရှိ-မရှိ၊ ကုန်ကြမ်းများ စနစ်တကျသိုလှောင်ခြင်း ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများ၏ လုပ်ငန်း လိုင်စင်နှင့် ထောက်ခံချက် များ ရှိ-မရှိ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိ ပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့် အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း များ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၁၇) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ